## မော်တော်ယာဉ်များတွင် ရောင်ပြန်ပြားများတပ်ဆင်ဆောင်ရွက်သွားမည့်ကိစ္စ

၁။ ရောင်ပြန်ပြားသည် ညအချိန် ယာဉ်မောင်းနှင်နေစဉ်နှင့် ယာဉ်ရပ်နားထားချိန်များတွင် ယာဉ်တိုက်ခိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန် ကြိုတင်အချက်ပြ၊ ညွှန်ပြသည့်ပစ္စည်းဖြစ်၍ မော်တော်ယာဉ်များတွင် တပ်ဆင်ရန် လိုအပ်ပါသည်။ အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် မောင်းနှင်သွားလာနေသောကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များနှင့် ထရော်လာဂျီယာဉ်များယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက်၁၉၈၉ခုနှစ်၊ မော်တော်ယာဉ်နည်းဥပဒေများ၊ နည်းဥပဒေ (၂၆)၊ နည်းဥပဒေခွဲ (ဃ) အရရောင်ပြန်ပြားများတပ်ဆင်အသုံးပြုရန် ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

၂။ မော်တော်ယာဉ်တွင်ရောင်ပြန်ပြားများတပ်ဆင်ထားမှုမရှိခြင်း၊ တပ်ဆင်ထားသော်လည်း အရည်အသွေးမပြည့်မီသည့် ရောင်ပြန်ပြားမဟုတ်ပါကလည်းယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး (Road Safety) ကိုထိခိုက်စေနိုင်ပါသည်။ မော်တော်ယာဉ်များတွင် ရောင်ပြန်ပြားများတပ်ဆင်အသုံးပြုခြင်းဖြင့် ဌာန၏ရည်မှန်းချက်ဖြစ်သော(Road Safety)အတွက် အထောက်အကူဖြစ်စေသည့်အပြင်ယာဉ်အသုံးပြုသူ၊ လမ်းအသုံးပြုသူများအတွက်ပါ အကျိုးကျေးဇူးကောင်းများရရှိနိုင်ပါသဖြင့် မော်တော်ယာဉ်များတွင် ရောင်ပြန်ပြားတပ်ဆင်ရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မော်တော်ယာဉ်များစစ်ဆေးရာတွင် မော်တော်ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ရောင်ပြန်ပြားတပ်ဆင်ထားမှုမရှိခြင်း၊ ရောင်ပြန်ပြားတပ်ဆင်ထားသော်လည်း သတ်မှတ်ရောင်ပြန်ပြားမဟုတ်ခြင်း၊ ပျက်စီးနေခြင်း၊ အရည်အသွေးလုံးဝမပြည့်မီခြင်း၊ ညဘက်အချိန်တွင် ယာဉ်မောင်းနှင်သွားလာရာ၌ ရောင်ပြန်ပြား၏ အရောင်ပြန်မှုသည် သိသာထင်ရှားစွာ အရောင်ပြန်မှုမပေးနိုင်ခြင်းစသည့်အခြေအနေတစ်ရပ်ရပ်တွင် ရောင်ပြန်ပြားများ တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ ရောင်ပြန်ပြားတပ်ဆင်ခြင်းအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ အသုံးစရိတ်အားလုံးကိုနိုင်ငံတော်ဘတ်ဂျက်မှ ကျခံပြီးရောင်းချရငွေများကိုနိုင်ငံတော်ဘတ်ဂျက်သို့ ပြန်လည်ပေးသွင်းခြင်းစနစ် ဆောင်ရွက်သွားမည်ဖြစ်ရာ ၂.၉.၂၀၁၉ ရက်နေ့မှစတင်၍ အောက်ဖော်ပြပါ သတ်မှတ်နှုန်းထားများဖြင့်ကောက်ခံဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | ရောင်ပြန် အမျိုးအစား | တပ်ဆင်ရမည့် မော်တော်ယာဉ်အမျိုးအစား | ရေတွက်ပုံ | သတ်မှတ်ကောက်ခံမည့်နှုန်းထား |
|---|---|---|---|---|
| (က) | Type A  | တင်အား(၁)တန်အထက် ဗင်၊ လိုက်ထရပ် နှင့်လယ်ယာသုံးထရပ်ယာဉ်များ၊ ထရပ် နှင့်ကုန်တင်ဝန်လေးယာဉ်များ၊ မီးသတ် ယာဉ်၊ သူနာတင်ယာဉ်နှင့် နိဗ္ဗာန်ယာဉ်မှအပ ကျန်အခြားအုပ်စုဝင်ယာဉ်များ၊ နောက်တွဲယာဉ်များ | ချပ် | ၆၀၀၀/- |
| (ခ) | Type B  | တင်အား(၁)တန်အထိဗင်၊ လိုက်ထရပ် နှင့် လယ်ယာသုံးထရပ်ယာဉ်များ၊ ပစ်ကပ်ယာဉ်များ | ချပ် | ၃၀၀၀/- |
| (ဂ) | Type C   | မိုက္ကရိုဘတ်စ်၊ မီနီဘတ်စ်နှင့် ဘတ်စ်အမျိုးအစား ခရီးသည်တင်ယာဉ်များ၊ အခြားအုပ်စုဝင်မှ သူနာတင်ယာဉ်နှင့် နိဗ္ဗာန်ယာဉ်များ၊ဘေးတန်းခုံဖြင့် ခရီးသည်တင်ပြေးဆွဲနေသည့် ပစ်ကပ်၊ လိုက်ထရပ်နှင့် ထရပ်ယာဉ်များ | စုံ | ၇၀၀၀/- |
| (ဃ) | Type D   | သုံးဘီး၊ သုံးဘီးဆိုင်ကယ်များနှင့် ထရော်လာဂျီအုပ်စုဝင်ယာဉ်များ | စုံ | ၂၀၀၀/- |
| (င) | Type E  | မော်တော်ဆိုင်ကယ် | ချပ် | ၅၀၀/- |